# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**e-NEWSLETTER**

VOL.5, N0.2
February 2026


## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်း အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခြင်း




ဇန်နဝါရီလ ၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၊ သဘင်ဆောင်တွင် ကျင်းပပြုလုပ်သည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ချီးမြှင့်သည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြပါသည်။


စာ ၂



၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခြင်း

စာ ၅



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ တတိယအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပပြုလုပ်ခြင်း

စာ ၇




မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၆) သို့ တက်ရောက်

စာ ၈



ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

စာ ၉



Advance Excel (online) သင်တန်းသို့ တက်ရောက်ခြင်း

## ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားနှင့် ဂုဏ်ပြုညစာ စားပွဲသို့ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ခြင်း



ဇန်နဝါရီလ ၄ ရက်

(၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကို ၄-၁-၂၀၂၆ ရက်နေ့၊ ၀၇:၀၀ နာရီအချိန် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်တွင်ကျင်းပပြုလုပ်ရာနိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင် အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်တို့ကလည်းကောင်း၊ ယင်းနေ့ညနေပိုင်းတွင်ပြုလုပ်သည့်ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်းတို့က လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ရွှေသူဌေးစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း





ဇန်နဝါရီလ ၁၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ၁၆-၁-၂၀၂၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေး မြို့နယ်ရှိ ရွှေသူဌေးစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင် စခန်းကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ် ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံ ကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေး ဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာ ရေးစောင့်ရှောက်မှု ရှိ မရှိ၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်း များရရှိခြင်း ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာ တွင် ခွဲခြားဆက်ဆံမှု ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းမှု ရှိ မရှိ စသည်တို့ကို မေးမြန်း မှတ်တမ်းတင်ခဲ့ပြီး အကျဉ်းသား အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာ များသန့်ရှင်းမှု ရှိ မရှိ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့ပြင် အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန် အတွက် ဗဟုသုတရဖွယ်ရာစာအုပ်စာပေ ၅၀ အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ ရွှေသူဌေး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း တာဝန်ခံအရာရှိမှ လက်ခံ ရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း

စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

## ၂၀၂၅ နှစ်ပတ်လည်အစီရင်ခံစာ ( Annual Report ) ရေးသားရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း



ဇန်နဝါရီလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ ၂၀၂၅ နှစ်ပတ်လည်အစီရင်ခံစာ ( Annual Report ) ရေးသားပြုစုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ အစည်းအဝေး အစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားပြီး ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဌာနအလိုက် ၂၀၂၅ နှစ်ပတ်လည် အစီရင်ခံစာ ( Annual Report ) ပြုစုရေးဆွဲ ထားရှိမှုများကို တင်ပြဆွေးနွေးခဲ့ကြမှုအပေါ် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ၁၂:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်းထုတ်ပြန်ချက်

ဇန်နဝါရီလ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်မလေးရှားနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၂၂ရက်နေ့တွင် ထုတ်ပြန်ခဲ့သောအခြေအမြစ်မရှိသည့် မီဒီယာထုတ်ပြန်ကြေညာချက်ကို ပြင်းပြင်းထန်ထန်နှင့် ပြတ်ပြတ်သားသားပယ်ချပါသည်။

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ခက်ခဲနက်နဲသည့် အခြေအနေမှန်များကို မျက်ကွယ်ပြုထားသော တစ်ဖက်သတ်အမြင်ဖြင့် အထောက်အထားမဲ့ စွပ်စွဲချက်များသာပါရှိသော ယင်းကြေညာချက်ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြင်းထန်စွာရှုတ်ချသည်။ “စစ်အာဏာရှင်” ဟူသော နိုင်ငံရေးအရ နှိမ်ချသည့် စကားလုံးများကို အသုံးပြုခြင်းသည် အစိုးရတစ်ရပ်ကို လေးစားမှုမရှိဘဲ ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံ့ဆော်ခြင်းဖြစ်ပြီး အာဆီယံ၏ အဓိကမူဝါဒများဖြစ်သော အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှု ခိုင်မာစေရေးနှင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး မူဝါဒကို တိုက်ရိုက် ချိုးဖောက်ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့သော လုပ်ရပ်များသည် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်၏ အခန်းကဏ္ဍနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော ဆောင်ရွက်ချက် ဖြစ်သည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့နှင့်စပ်လျဉ်းသည့် စိန်ခေါ်မှုများ ရှိနေသည့် ကာလတစ်ရပ်ကို ဖြတ်သန်းကျော်လွှားနေသည့် အာဆီယံအဖွဲ့ဝင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပုံမှန်အခြေအနေများ ပြန်လည်ရရှိစေရန်နှင့် ငြိမ်းချမ်းသည့် ဒီမိုကရေစီ လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်စေရန် လိုအပ်သည့် စီမံဆောင်ရွက်မှုများအားလုံးကို ဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ခြင်းသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ဆောင်ရွက်ပိုင်ခွင့်ရှိသည့်ကိစ္စဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များ အပေါ် ပြင်ပအဖွဲ့အစည်းများမှ ကြိုတင်အကဲဖြတ်ခြင်း သို့မဟုတ် ကန့်သတ်တားမြစ်ချက်များ ချမှတ်ရန် ကြိုးပမ်းခြင်းသည် လုံးဝ လျော်ကန်မှုမရှိပါ။

အာဆီယံပဋိညာဉ်စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့တွင် ပြဋ္ဌာန်းပါရှိသော ပြည်တွင်းရေးကိစ္စရပ်များအပေါ် ဝင်ရောက်စွက်ဖက်ခြင်းမပြုရဆိုသည့် အရေးကြီးသည့် အဓိက အခြေခံမူဝါဒကို လေးစားလိုက်နာရမည်ဖြစ်ပါသည်။ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံအစိုးရ၏ ကြိုးပမ်း အားထုတ်မှုများကို လျစ်လျူရှု၍ ပြင်ပမှဝင်ရောက်

စွက်ဖက်ခြင်းသည် တည်ငြိမ်မှုကို ထိပါးစေပြီး အလွန် အန္တရာယ်ရှိသောလုပ်ရပ်ဖြစ်သည်။

လူသိရှင်ကြား ရှုတ်ချဝေဖန်ခြင်းထက် အပြုသဘောဆောင်သော ထိတွေ့ဆောင်ရွက်မှုများကိုသာ ဆောင်ရွက်သင့်သည်ဟု မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က အခိုင်အမာယုံကြည်ပါသည်။ မကြာသေးမီက နိုင်ငံတော်အစိုးရက ကျင်းပခဲ့သော ပါတီစုံအထွေထွေရွေးကောက်ပွဲ၏ ပထမအပိုင်း နှင့် ဒုတိယအပိုင်းတို့ကို လွတ်လပ်ပြီး တရားမျှတစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ကို အပြည်ပြည်ဆိုင်ရာ လေ့လာစောင့်ကြည့်သူများ မျက်မြင်တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။ အပြီးသတ်တတိယအပိုင်းကိုလည်း စီစဉ်ထားသည့်အတိုင်း နိုင်ငံတော်အစိုးရက ဆက်လက်ကျင်းပသွားလိမ့်မည် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် မိတ်ဆွေမပီသသောအဆိုပါ ထုတ်ပြန်ကြေညာချက်ကို ပြတ်ပြတ်သားသား ရှုတ်ချ၍ ပယ်ချကြောင်းနှင့်  နိုင်ငံတကာအသိုက်အဝန်းအတွင်း တင်းမာမှုများကို ပိုမိုပြင်းထန်စေပြီး စိတ်ဝမ်းကွဲပြားမှုများ တိုးပွားစေမည့် ထိုကဲ့သို့သော ကြေညာချက်များ ထပ်မံထုတ်ပြန်ခြင်းကို မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ချက်ချင်း ရပ်တန့်ပေးသွားရန် ပြင်းပြင်းထန်ထန် တောင်းဆိုပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးအနေဖြင့်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ မြန်မာနိုင်ငံပြည်သူလူထု အကျိုးနှင့် သာယာဝပြောမှုတို့ကို လေးစားကာ အကန့်အသတ်မထားဘဲ အားလုံးပါဝင်မှုရှိသည့် ငြိမ်းချမ်းသောဆွေးနွေးမှုများကို ထောက်ခံအားပေးသွားကြပါရန် တိုက်တွန်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း



ဇန်နဝါရီလ ၈ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆)ကို ၈-၁-၂၀၂၆ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အလှည့်ကျ ကော်မတီဝင်များ ဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်နှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၂၆)

ဇန်နဝါရီလ ၅ ရက်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ တွင် ကျရောက်သည့် (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အနေဖြင့်အကျဉ်းထောင်၊အချုပ်ထောင်၊စခန်းအသီးသီးတွင်ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အမိန့်အမှတ် (၁/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်အမိန့်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် ၆ ပုံ ၁ ပုံကို လွတ်ငြိမ်း သက်သာခွင့်ပြုခြင်း၊ အမိန့်အမှတ် (၂/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား/ အကျဉ်းသူ ၆၁၃၄ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၃/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၅၂ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ခြင်းစသည့်အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများ၏ သက်ဆိုင်ရာ မိသားစုဝင်များအတွက် ဝမ်းမြောက်ပီတိ ဖြစ်ရပါသည်။ နိုင်ငံတော်၏

လွတ်လပ်ရေးတန်ဖိုးကို သိရှိနားလည်လာကြပြီး တာဝန်သိသိ သစ္စာရှိရှိဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်မှ ဖော်ဆောင်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖယ်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တလမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်ဟု မျှော်လင့်ယုံကြည်ပါသည်။

ထို့အပြင် နိုင်ငံခြားသားအကျဉ်းသား/အကျဉ်းသူများကို ပြစ်ဒဏ်များ လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် နိုင်ငံအချင်းချင်းဆက်ဆံရေးကို အထောက် အပံ့ဖြစ်စေကာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာစေမည်ဟု ရှုမြင်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ထုတ်ပြန်သော အမိန့်များသည် လူ့အခွင့်အရေး ရှုထောင့်အရ လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှု ရှုထောင့်အရ လည်းကောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ရှုထောင့်အရလည်းကောင်း ကောင်းမွန်သည့်ရလဒ်များ ရရှိစေသည်ဖြစ်ရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအား ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

---

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ တတိယအကြိမ်မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပပြုလုပ်ခြင်း





ဇန်နဝါရီလ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး မိသားစုများ၏ တတိယအကြိမ်မြန်မာ့ ရိုးရာထမနဲထိုး ပြိုင်ပွဲကို ၃၀-၁-၂၀၂၆ ရက်နေ့၊ ၁၄:၃၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ အဆောက်အဦ အမှတ်(၁) ၃ထပ်ဆောင်ရှေ့ လေဟာပြင်တွင် ကျင်းပပြုလုပ်ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ဇနီး၊ ယခင် ကော်မရှင်ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သော ကော်မရှင်အဖွဲ့ဝင်(ငြိမ်း) များ ဖြစ်ကြသည့် ဦးယုလွင်အောင်၊ ဦးညွန့်ဆွေ၊ ဦးဇော်ဝင်း၊ ဒေါက်တာ ဒေါ်တင်မေထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ စုံညီစွာပါဝင်တက်ရောက် ဆင်နွှဲခဲ့ပါသည်။

ထမနဲထိုးပြိုင်ပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားရာ တပို့တွဲလသည် ဆောင်းရာသီ၏ နောက်ဆုံးလ၊ အအေးဆုံးလဟု အဆိုရှိခဲ့ပါကြောင်း၊ ယခုလသည် ဩဝါဒပါတိမောက် အခါတော်ကာလလည်း ဖြစ်ပါကြောင်း၊ ပါဠိဘာသာဖြင့်“ပါတိ”ဟုခေါ်သော ကျဆုံးခြင်းမှ “မောက္ခ”ဟု ခေါ်သော လွတ်မြောက်ခြင်းဖြစ်အောင် “ဩဝါဒ” ဟုခေါ်သော အဆုံးအမပေးအခါတော်ကာလ ဖြစ်သည်နှင့်အညီ ကျဆုံးခြင်း၊ ဆုံးရှုံးခြင်းများမှ လွတ်ကင်းအောင်မြင်အောင် ကြိုးစားစွမ်းဆောင်ကြရန် အဆုံးအမရှိသည်နှင့်အညီ ထမနဲပွဲအား စည်းစည်းလုံးလုံး ကြိုးကြိုးစားစား စည်းကမ်းရှိရှိ ယှဉ်ပြိုင်ခြင်းဖြင့် ဖော်ဆောင် ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားပါသည်။

ထို့နောက် ထမနဲထိုးပြိုင်ပွဲကို ကော်မရှင်ရုံးဌာန (၆) ခုမှ အရာထမ်း၊ အမှုထမ်းများဖြင့် ဖွဲ့စည်းထားသော အသင်းများက သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်ကြရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများက အားပေးခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



ဇန်နဝါရီလ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ကို ၂၂–၁–၂၀၂၆ ရက်နေ့၊ ၁၀:၀၀နာရီ အချိန် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဘာသာရပ်တာဝန်ခံကော်မရှင်အဖွဲ့ဝင်များနှင့်ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက တင်ပြ ဆွေးနွေးခဲ့ကြပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) အားစောင့်ကြည့်လေ့လာခြင်း

ဇန်နဝါရီလ ၁၁ ရက်

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကို ၁၁–၁–၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်သော စောင့်ကြည့်လေ့လာရေးအဖွဲ့ (၅) ဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိတောင်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ်တွင် မဲရုံ (၂) ရုံ၊ ပုဇွန်တောင်မြို့နယ်မဲဆန္ဒနယ်တွင် မဲရုံ (၁) ရုံ၊ ကွမ်းခြံကုန်းမြို့နယ်မဲဆန္ဒနယ်တွင် မဲရုံ (၁) ရုံနှင့် အင်းစိန်မြို့နယ်မဲဆန္ဒနယ်တွင် မဲရုံ (၁) ရုံ၊ စုစုပေါင်း မဲရုံ (၅) ရုံတို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပန်းတနော်မြို့နယ် မဲဆန္ဒနယ်ရှိ မဲရုံ (၁) ရုံတွင် လည်းကောင်း စောင့်ကြည့်လေ့လာခဲ့ပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တင်ဒါကော်မတီ အစည်းအဝေး ကျင်းပခြင်း



ဇန်နဝါရီလ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ တင်ဒါကော်မတီအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၆) ကို ၂၀–၁–၂၀၂၆ ရက်နေ့၊ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ တင်ဒါကော်မတီ ဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ကော်မတီအတွင်းရေးမှူး ဦးကျော်နိုင်နှင့် သက်ဆိုင်ရာဌာနတာဝန်ခံများ၊ ဝယ်ယူ/ ဝန်ဆောင်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏တင်ဒါလုပ်ထုံးလုပ်နည်းများ၊ ပုံနှိပ်ခြင်းဆိုင်ရာ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပြီး ၁၅:၁၀ နာရီအချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) အားစောင့်ကြည့်လေ့လာခြင်း

ဇန်နဝါရီလ ၂၅ ရက်

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း (၃) ကို ၂၅-၁-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်သော စောင့်ကြည့်လေ့လာရေးအဖွဲ့ (၅) ဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကင်းမြို့နယ်မဲဆန္ဒနယ်တွင် မဲရုံ (၁) ရုံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်မဲဆန္ဒနယ်တွင် မဲရုံ (၁) ရုံနှင့် သာကေတမြို့နယ်မဲဆန္ဒနယ်တွင် မဲရုံ (၁) ရုံ စုစုပေါင်း မဲရုံ (၃) ရုံတို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေးဒရဲမြို့နယ်မဲဆန္ဒနယ်တွင် မဲရုံ (၁) ရုံနှင့် ညောင်တုန်းမြို့နယ်မဲဆန္ဒနယ်တွင် မဲရုံ (၁) ရုံ၊ စုစုပေါင်း မဲရုံ (၂) ရုံတို့တွင်လည်းကောင်း စောင့်ကြည့်လေ့လာခဲ့ပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဖေဖော်ဝါရီလ ၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲအမှတ်စဉ် ၁/၂၀၂၆ အခမ်းအနားကို ၄-၂-၂၀၂၆ ရက်နေ့ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း (၇၅) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၄၈ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၆) သို့ တက်ရောက်



ဇန်နဝါရီလ ၈ ရက်

မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ လုပ်ငန်း ကော်မတီအစည်းအဝေး (၁/၂၀၂၆) အား ၈-၁-၂၀၂၆ ရက်နေ့ ၁၄:၀၀ နာရီအချိန်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Hybrid System ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ဦးဆောင်၍ လုပ်ငန်းကော်မတီဝင် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် ဥက္ကဋ္ဌနှင့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း In person တက်ရောက်ခဲ့ပါသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး

ဒေါက်တာသန်းစိုးက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင်ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဟန်သူက လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များအပေါ် စောင့်ကြည့် ဆန်းစစ်မှုဆောင်ရွက်နိုင်ရေးနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ် စီမံကိန်း (၂၀၂၂-၂၀၂၇) ဆောင်ရွက်နေမှုအပေါ် ပြန်လည် သုံးသပ်နိုင်ရေး၊ မသန်စွမ်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ရေးတို့ကိုလည်းကောင်း၊ ကော်မတီဝင် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ မသန်စွမ်းကိုယ်စားလှယ်များကမသန်စွမ်းသူများ၏အခွင့်အရေးများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ထည့်သွင်းဆောင်ရွက်နေမှုများ၊ တွေ့ကြုံနေရသော အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်မှုများအား ရှင်းလင်း/ တင်ပြဆွေးနွေးခဲ့ကြရာ ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပါဝင်ဆွေးနွေးခဲ့ပါသည်။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



ဇန်နဝါရီလ ၁၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်း လမ်းညွှန် အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်း အမှတ်စဉ် (၁၀/၂၀၂၅) ၌ ၁၅-၁-၂၀၂၆ ရက်နေ့တွင် ၀၇:၃၀နာရီ မှ ၀၉:၅၀ နာရီ အချိန်အထိ လူ့အခွင့်အရေးအသိပညာပေး ဘာသာရပ်သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၅၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည် ဖြေကြားခဲ့ပါသည်။

SUSTAINABLE DEVELOPMENT GOALS

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

၁၂ တာဝန်သိသော စားသုံးမှု ပုံစံ ဖြစ်ပေါ်စေရေး

Goal (12) Responsible Consumption And Production

ပန်းတိုင် (၁၂) စဉ်ဆက်မပြတ် စားသုံးမှုနှင့် ထုတ်လုပ်မှု ပုံစံများ ဖြစ်ပေါ်စေရေး။

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများရောင်းချပေးခြင်း




**ဇန်နဝါရီလ ၁၆ ရက်**

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၇-၁-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းမှ စားအုန်းဆီတစ်ပိဿာလျှင် (၇,၇၆၅/-) ကျပ်နှုန်းဖြင့် (၂၅၇.၅) ပိဿာအား လည်းကောင်း၊ ၁၆-၁-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၄၁) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၂၃,၅၀၀/- ကျပ်နှုန်း ၊ ဧည့်မထ (၄၁) အိတ် (၅) ပြည်ဝင်တစ်အိတ်လျှင် ၁၂,၅၀၀/- ကျပ်နှုန်းဖြင့် လည်းကောင်း ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ဝယ်ယူဖြန့်ဝေရောင်းချပေးခဲ့ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့်သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း




**ဇန်နဝါရီလ ၃၀ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၆ ခုနှစ်၊ဇန်နဝါရီလအတွင်း နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

---

## Advance Excel (online) သင်တန်းသို့ တက်ရောက်ခြင်း



**ဇန်နဝါရီလ ၂၃ ရက်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ၅-၁-၂၀၂၆ ရက်နေ့မှ ၂၃-၁-၂၀၂၆ ရက် နေ့ထိ Online ဖြင့် ဖွင့်လှစ်သင်ကြားခဲ့သည့် “Advance Excel (Online)” သင်တန်းသို့ ဥပဒေရေးရာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်အေးစန္ဒာမြင့် တက်ရောက်ခဲ့ပါသည်။

## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၆ခုနှစ်၊ဇန်နဝါရီလအတွင်းတိုင်ကြားချက်(၃၃)စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားချက်များကို ကော်မရှင်စုံစမ်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပ ပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားချက် (၆) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာန သို့လည်းကောင်း၊ တိုင်ကြားချက် (၂) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး၊ တိုင်ကြားချက် (၂၃) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍ လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီး ဖြစ်၍ လည်းကောင်း မှတ်တမ်းထားရှိခဲ့ပြီး ဆောင်ရွက်ရန်ကျန်ရှိသည့် တိုင်ကြားစာ (၂) စောင်ရှိပါသည်။

## မြန်မာ့လူ့အခွင့်အရေးယာဉ်ကြီးဖြင့်

မင်းဝီရ

ကျွန်တော် အပါအဝင် လောကလူသားများသည် တစ်စုံတစ်ခုကို လိုချင်တပ်မက်စိတ်ဖြင့် အမြဲတမ်း အသက်ရှင် နေထိုင်တတ်ပါသည်။ ထိုတစ်စုံတစ်တစ်ခုကို ပိုင်ဆိုင်ခွင့် ရရှိပြီးလျှင်လည်း နောက်ထပ် လိုချင်သောအရာတစ်ခု ထပ်မံ ပေါ်ပေါက်လာတတ်ပြန်ပါသည်။ လူအများသည် မိမိပတ်ဝန်းကျင်နှင့် လောကအပေါ်အနိုင်ယူလိုစိတ်များလာသည်နှင့်တပြိုင်နက် ကိုယ်ချင်းစာတရားများ ပျောက်ဆုံးလာပြီး အတောမသတ်နိုင်သည့် လူသားတို့၏အတ္တ၊ လောဘ၊ မာန်မာနများသည်ပင်လျှင် လူ့အခွင့်အရေးများ ချိုးဖောက်လာရခြင်း၏ မူလဇစ်မြစ် တစ်ခုဟု ကျွန်တော်ထင်မြင်ယူဆမိပါသည်။

၁၉၄၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့၌ ကျင်းပခဲ့သော ကုလသမဂ္ဂညီလာခံကို နိုင်ငံ ပေါင်း (၅၀) မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ ယင်းကိုယ်စားလှယ်များက ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာလုပ်ထုံးလုပ်နည်းများ၏ အခြေခံသွေးကြောဖြစ်သော ကုလသမဂ္ဂပဋိညာဉ် (Charter of United Nation) ကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သည်။ ယင်းအချိန်က ပိုလန်နိုင်ငံသည် စစ်ကြောင့် ညီလာခံမတက်ရောက်နိုင်သော်လည်း နောက်ပိုင်းမှာ အတည်ပြုခဲ့သဖြင့် ကုလသမဂ္ဂ စတင်ဖွဲ့စည်းစဉ် နိုင်ငံ (၅၁) နိုင်ငံရှိခဲ့ပါသည်။ ယခုအခါ ကုလသမဂ္ဂအဖွဲ့ကြီးသည် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့တွင် တောင်ဆူဒန်နိုင်ငံ အဖွဲ့ဝင် ဖြစ်လာခဲ့သဖြင့် အဖွဲ့ဝင်နိုင်ငံ (၁၉၃) နိုင်ငံ ထိရှိလာခဲ့ပြီဖြစ်သည်။ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ (UNGA)မှ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights) ကိုထုတ်ပြန်ခဲ့သည်။ ယင်းစာတမ်းသည် ဥပဒေအရစည်းနှောင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာဥပဒေ (International Law) မဟုတ်သော်လည်း အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေ(International Customary Law) ဟု သတ်မှတ်ကြသဖြင့် (moral force) ရှိပါသည်။ ထို့ပြင် စာတမ်း ထုတ်ပြန်ခဲ့သည့် ယင်းနေ့ကိုပင် ကမ္ဘာ့လူ့အခွင့် အရေးနေ့ (International Human Rights Day) အဖြစ် (၁၉၅၀) ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ ချမှတ်ခဲ့သည်။

**လူ့အခွင့်အရေး၏တန်ဖိုး**

လူသားအားလုံးသည် မွေးလာသည်မှစ၍ လွတ်လပ်ပြီး တန်းတူညီမျှသော လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများရှိသည်။ လူသားအားလုံး အသားအရောင်မတူ၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ ၊ လိင်၊ လူမှုရေး၊ နိုင်ငံရေး မတူကွဲပြားမှုများသည်တစ်ပိုင်း၊ လူသားသည်သာလူသား ဖြစ်၍ လူသားအားလုံးသည် တန်းတူအခွင့်အရေးခံစားရမည်။ လူ့အခွင့်အရေးသည် လူသားအားလုံးအတွက်ဖြစ်ရပေမည်။ လူ့အခွင့်အရေးသည် အားလုံးအတွက် တစ်ပြေးညီတည်းရှိရပေမည်။ ပိုသည် လိုသည်ဟူ၍ မရှိရပါ။ အခြား အခွင့်အရေးသည် အခြားသော အခွင့်အရေးထက်ပိုပြီး အရေးကြီးသည်မရှိ။ အားလုံးအရေးကြီးသည်။ လူ့အခွင့်အရေးသည် ဥပဒေကို လေးစားရန်လည်းလိုပါသည်။ ဥပဒေသည်လည်း လူ့အခွင့်အရေးကို ကာကွယ်ပေးသော၊ စောင့်ရှောက်သော၊ အကျိုးပြုသော ဥပဒေ ဖြစ်ရပါမည်။ လူ့အခွင့်အရေးအကြောင်း ပြောပါက ဒီမိုကရေစီကို ချန်လှပ်ခဲ့၍မရပေ။ ထို့အပြင် လူ့အခွင့်အရေးနှင့်

ပတ်သက်၍ ကုလသမဂ္ဂ၏ အချက်(၃၀)ပါ ယေဘုယျ သတ်မှတ်ချက်များသည် မှုတမှန်ကန်သော အချက်များဖြစ်သဖြင့် မလိုက်နာစရာ အကြောင်းမရှိပါ။ သို့သော် အခြေအနေနှင့် အချိန်အခါပေါ် မူတည်၍ အချို့အချက်များမှာ အပြည့်အဝလိုက်နာရန် အနည်းငယ် အခက်အခဲ ရှိနိုင်ပါသည်။ ဒါဟာလည်း အခြေအနေအရခေတ္တခဏမျှသာဖြစ်ပြီးနောက်တွင်အပြည့်အဝလိုက်နာနိုင်မည်ဟုထင်ပါသည်။နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာ၊ သဘာဝပတ်ဝန်းကျင် မတူညီကွဲပြားခြားနားသလို လူ့အခွင့်အရေးစံနှုန်း သတ်မှတ်ချက်များသည်လည်း အသီးသီး မတူညီဘဲ ကွဲပြားနေမည်မှာ အမှန်ပင် ဖြစ်ပါသည်။

**ဗုဒ္ဓဘာသာ၏လူ့အခွင့်အရေး**

ကျွန်တော်တို့ဗုဒ္ဓဘာသာတွင် လူသားအားလုံးသည် အတူတူ၊ တန်းတူညီမျှ ဖြစ်သည်ဆိုသော အယူအဆသည် လူ့အခွင့်အရေး၏ အခြေခံယူဆချက် အဖြစ်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ပြင်ဗုဒ္ဓဘာသာဝင်တိုင်း လိုက်နာစောင့်စည်းအပ်သော ၅ ပါးသီလသည်လည်း လူ့အခွင့်အရေးအယူအဆများ၏ အသက်အဖြစ် ပါဝင်နေကြောင်းတွေ့ရှိရပြန်သည်။သူတစ်ပါးအသက်ကို မသတ်ခြင်း၊ သူများအိပ်ရာကို မပြစ်မှားခြင်း၊ လိမ်လည်ပြောဆိုမှု မပြုလုပ်ခြင်း၊ သူများပစ္စည်းဥစ္စာကို ခိုးယူမှုမပြုခြင်း အစရှိသောအချက်များသည် (Respect to Other rights) ဆိုသည့် တစ်ပါးသူများ၏ အခွင့်အရေးကို လေးစားရန် ဟူသော အခြေခံ လူ့အခွင့်အရေးအတွေးအခေါ်များပင်ဖြစ်သည်။

**ခရစ်ယာန်ဘာသာ၏လူ့အခွင့်အရေး**

ခရစ်ယာန်ဘာသာကို ဘီစီ (၄) ရာစုခန့်တွင်မွေးဖွားခဲ့သော ဂျူးလူမျိုး ယေရှုခရစ်တော်မှ တည်ထောင် ခဲ့ပြီး ဘာသာရေးအတွက် အထွဋ်အထိပ်ပုဂ္ဂိုလ်မှာ ထာဝရဘုရားသခင် ဖြစ်သည်။ ခရစ်ယာန်ဘာသာတွင် ဘုရားသခင်က လူသားများကို ပေးအပ်သော လူ့အခွင့်အရေးများကို ဖော်ပြထားသည်။ ခရစ်ယာန်ဘာသာသည် ဇာတ် ခွဲခြားခြင်းမရှိ၊ ဆင်းရဲချမ်းသာ ခွဲခြားခြင်းမရှိ၊ နူနာရောဂါရှိသူ၊ သူတောင်းစားမှစ၍အားလုံးကို သာတူညီမျှ သဘောထားသည်။သနားညှာတာခြင်း၊ ကူညီစောင့်ရှောက်ခြင်း၊ ကယ်တင်ခြင်းစသော မေတ္တာတရားများသည် ခရစ်ယာန်ဘာသာတွင် ပါဝင်သောလူ့အခွင့်အရေးများပင်ဖြစ်ပေသည်။

**အစ္စလာမ်ဘာသာ၏လူ့အခွင့်အရေး**

အစ္စလာမ်ဘာသာ စတင်မွေးဖွားပေးသူမှာ အာရပ်လူမျိုး မိုဟာမက်ဖြစ်ပြီး၊ ဘာသာရေး၏ အထွတ်အထိပ်ပုဂ္ဂိုလ်မှာ အလ္လာဟ်ဘုရားသခင် ဖြစ်သည်။ ကျမ်းစာမှာ ကိုရမ်ကျမ်းဖြစ်သည်။ လူ့အခွင့်အရေးနှင့်ပတ် သက်၍အခြေခံအချက်ကြီး (၅) ချက်ပါရှိသည်။၎င်းအချက်များထဲမှ အချက် (၃) ချက်မှာ ဆင်းရဲသူများအား မိမိတို့ ကြွယ်ဝချမ်းသာမှု၏ တစ်စိတ်တစ်ပိုင်းကိုအလှူဒါနပြုရမည်။ မိဘမဲ့ကလေးများကို စောင့်ရှောက်ရမည်။ မိဘမဲ့ ဂေဟာ များ ကို တည်ထောင်ပေးကြရမည်။ အရွယ်မရောက်သေးသော မိဘမဲ့ ကလေးများ၏ ပစ္စည်းဥစ္စာကို ဖြောင့်မတ်မှန်ကန်သော ပုဂ္ဂိုလ်များက ထိန်းသိမ်း စောင့်ရှောက်ပေးရမည်။ အစ္စလာမ်ဘာသာ၌ ဇာတ်ခွဲခြားခြင်းမရှိ။ အားလုံးသည် အတူတူပင် ဖြစ်သည်။ ဤအချက်များသည် အစ္စလာမ်ဘာသာ၏ လူ့အခွင့်အရေးဆိုင်ရာ အခြေခံအချက်များပင်ဖြစ်ပေသည်။

ထို့အပြင် သဘာဝပတ်ဝန်းကျင်၏ တန်ဖိုးကို သိရှိ၍ အလေးထားခြင်းသည်လည်း လူ့အခွင့်အရေးကို လေးစားခြင်းတစ်ရပ်အဖြစ် ဆက်နွယ်ပတ်သက်နေပါသည်။ သဘာဝပတ်ဝန်းကျင်က လူသားများအပေါ် လက်ဆောင်ပေးထားသော ကောင်းကင်၊ ပင်လယ်သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်းအိုင်၊ သစ်တော၊ အိုဇုန်းလွှာ အစရှိသည်တို့သည် လူသား၊ တိရိစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင်၏ ဂေဟာစနစ်အရ အပြန်အလှန်မှီခိုလျက် ရှိပါသည်။

လူသားတို့၏ မတော်လောဘများကြောင့် ထိုသဘာဝပတ်ဝန်းကျင်များ အဆမတန် ပြုန်းတီးဖျက်ဆီးခံရမှုများမှတဆင့် ဂေဟာစနစ်များမကောင်းမွန်တော့သည့်အတွက် ရေကြီးခြင်း၊ တောင်ပြိုခြင်း၊ မီးတောင် ပေါက်ကွဲခြင်း၊ လျှောင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ ဂေဟာစနစ်ကိုထိန်းကျောင်းပေးသည့် ရှားပါးသတ္တဝါများဖြစ်သည့် လင်းပိုင်၊ဝေလငါးအစရှိသည့် သတ္တဝါများ မျိုးတုန်းလုနီးပါး ဖြစ်လာခြင်းကြောင့် သဘာဝဂကပ်ဘေး အမျိုးမျိုးကို ယနေ့အချိန်အခါတွင် လူသားများ မကြာခဏ ခံစားရလျက်ရှိပါသည်။ မည်သည့် နေရာဒေသ၌မဆို သဘာဝ ကပ်ဆိုးတစ်ခု ကျရောက်လာပြီ ဆိုလျှင်အစာရေစာရှားပါးခြင်း၊ ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက် လာခြင်း၊ ပညာသင်ကြားခွင့် ဆုံးရှုံးခြင်း၊ ကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်ခွင့်မရရှိခြင်း၊ အစာအဟာရပြတ်ခြင်းများကြောင့် နောက်ဆုံးတွင် လူ၏ အသက်ရှင်ရပ်တည်ခွင့်ကိုပါ အလိုအလျောက် ဆုံးရှုံးခံစားကြ

ရမည်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် ကမ္ဘာပေါ်တွင် မဟာအင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်နှင့် ဆိုဗီယက် ရုရှားပြည်ထောင်စု နိုင်ငံနှစ်ခုတည်း အား ပြိုင်မှုများ ရှိခဲ့သည့်အတွက် (Balance of Power) အနေအထားဖြင့် ရှိခဲ့သော်လည်း ၁၉၉၁ ခုနှစ် နောက်ပိုင်း ဆိုဗီယက် ပြည်ထောင်စုနိုင်ငံတော်ကြီး ပြိုကွဲခဲ့သည့် အတွက် (Bipolar) မှ မဟာအင်အားကြီး အမေရိကန် တစ်နိုင်ငံတည်းသာ ရှိတော့သည့် (Unipolar) ခေတ်ကို ရောက်ရှိလာသည်။ ၄င်းမှတစ်ဆင့် ယခုအခါ ကမ္ဘာကြီးသည် (Multipolar) ပုံစံအနေအထားဖြင့် (Globalization) ခေတ်ကို ရောက်ရှိနေပြီ ဖြစ်သည်။ ကမ္ဘာကြီး၏ (Globalization) ခေတ်တွင် အင်အားကြီး နိုင်ငံများ၏ အမျိုးသား အကျိုးစီးပွားအတွက် နိုင်ငံငယ်များအပေါ် လူ့အခွင့်အရေး ဗန်းပြပြီး နိုင်ငံရေး အတွက်အသုံးချနေကြရာ အသုံးချခြင်း မခံရစေဖို့ သတိရှိရန်လိုအပ်ပါသည်။

မည်သို့ပင် ဆိုပါစေ မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ခံစားခွင့်များကို ပြည်သူများ အပြည့်အဝ ခံစားခွင့်ရရှိရေးအတွက် မှန်ကန်သော လုပ်ဆောင်ချက်များဖြင့် လျှောက်လှမ်းနေသည် ဖြစ်ရာ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးမှုများ၊ အေးချမ်းမှုများ၊ သာယာမှုများ၊ စီးပွားရေးတိုးတက်မှုများသည် အဆင်သင့်ဆီးကြိုနေပါသည်။ ယင်းသို့သာယာအေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတစ်ခု အဖြစ်သို့ ရောက်ရှိရန် အမြန်ပို့ဆောင်ပေးမည့် ယာဉ်ကြီးသည် မြန်မာ့လူ့အခွင့်အရေးယာဉ်ကြီးပင် ဖြစ်ကြောင်း ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၇) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။

မင်းဝီရ

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်လအတွင်းလှုပ်ရှားဆောင်ရွက်ချက်များ

| | |
|---|---|
| ဇန်နဝါရီ ၄ - | (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်း အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခြင်း၊ |
| ဇန်နဝါရီ ၄ - | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားနှင့် ဂုဏ်ပြုညစာ စားပွဲသို့ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခြင်း၊ |
| ဇန်နဝါရီ ၅ - | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၂၆)၊ |
| ဇန်နဝါရီ ၈ - | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၆) သို့ တက်ရောက်ခြင်း၊ |
| ဇန်နဝါရီ ၈ - | ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း၊ |
| ဇန်နဝါရီ ၁၁ - | ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) အားစောင့်ကြည့်လေ့လာခြင်း၊ |
| ဇန်နဝါရီ ၁၅ - | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ၊ |
| ဇန်နဝါရီ ၁၅ - | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်းထုတ်ပြန်ချက်၊ |
| ဇန်နဝါရီ ၁၆ - | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ရွှေသူဌေးစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း၊ |
| ဇန်နဝါရီ ၁၆ - | ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများရောင်းချပေးခြင်း၊ |
| ဇန်နဝါရီ ၂၀ - | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တင်ဒါကော်မတီ အစည်းအဝေး ကျင်းပခြင်း၊ |
| ဇန်နဝါရီ ၂၂ - | ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊ |
| ဇန်နဝါရီ ၂၃ - | Advance Excel (online) သင်တန်းသို့ တက်ရောက်ခြင်း၊ |
| ဇန်နဝါရီ ၂၅ - | ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) အားစောင့်ကြည့်လေ့လာခြင်း၊ |
| ဇန်နဝါရီ ၂၉ - | ၂၀၂၅ နှစ်ပတ်လည်အစီရင်ခံစာ ( Annual Report ) ရေးသားရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊ |
| ဇန်နဝါရီ ၃၀ - | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ တတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပပြုလုပ်ခြင်း၊ |
| ဇန်နဝါရီ ၃၀ - | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့်သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း၊ |
| ဖေဖော်ဝါရီ ၄ - | ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း၊ |

********

# ENGLISH SECTION

Vol. 5, No. 2, February 2026

## Myanmar National Human Rights Commission Press Statement

January 15

The Myanmar National Human Rights Commission (MNHRC) strongly and categorically rejects the baseless media statement issued by the Human Rights Commission of Malaysia (SUHAKAM) on 22 December 2025.

MNHRC utterly condemns this statement, which is replete with unsubstantiated allegations and presents a one-sided narrative that flagrantly disregards the complex realities and the sovereign rights of Myanmar. The use of politicized and pejorative terminology such as "military junta" is disrespectful, deliberately inflammatory, and fundamentally violates the core principles of ASEAN solidarity and non-interference. Such actions fall far outside the mandated role of a National Human Rights Institution.

Myanmar is a sovereign ASEAN member state navigating a challenging path toward peace and stability. The government is taking all necessary measures to restore normalcy and facilitate a peaceful democratic process. The planning of elections is an exclusively sovereign matter, and it is wholly inappropriate for external entities to prejudge or impose conditions on these processes.

The cornerstone principle of non-interference in internal affairs, as enshrined in the ASEAN Charter and international law, must be respected. External interventions that ignore the primary efforts of the sovereign government set a dangerous and destabilizing precedent.

MNHRC firmly believes in constructive engagement over public condemnation. The first and second phases of the multi-party general election led by the State were conducted successfully, freely, and fairly, as witnessed by international observers. The final third phase will also proceed as scheduled.

Therefore, MNHRC denounces that unfriendly statement and sternly urges SUHAKAM to immediately cease issuing such declarations, which only serves to exacerbate tensions and polarize the international community. All parties should instead support inclusive, peaceful dialogue without preconditions, respecting Myanmar's sovereignty and the welfare of its people.

**Myanmar National Human Rights Commission**

## Observation of The 2025 Multi-Party Democratic General Election Phase (2)

January 11

The 2025 Multi-Party Democratic General Election Phase (2) was held on 11-1-2026 and the (5) election observation teams led by Chairman and Commissioners of Myanmar National Human Rights Commission observed (2) polling stations in South Okkalapa Township constituency, (1) polling station in Pazundaung Township constituency, (1) polling station in Kungyangon Township constituency and (1) polling station in Insein Township constituency, total (5) polling stations in Yangon Region and observed (1) polling station in Pantanaw Township constituency in Ayeyarwaddy Region.

## Myanmar National Human Rights Commission Statement No. (1/ 2026)

January 5

In commemoration of the 78th Anniversary of Independence Day, which falls on the 4th of January 2026, the National Defence and Security Council has announced the following orders: Order No. (1/2026) grants a conditional pardon, reducing the remaining sentences of prisoners currently serving sentences in prisons, jails, and camps by one-sixth; Order No. (2/2026) grants amnesty with conditions to 6,134 prisoners by reducing their remaining sentences; and Order No. (3/2026) grants amnesty with conditions by reducing the remaining sentences of 52 foreign prisoners, followed by deportation orders.

The Myanmar National Human Rights Commission is greatly joyful for the pardon and amnesty recipients and their respective family members. It is hoped and believed that, having understood the value of national independence, they will dutifully and faithfully participate in protecting and safeguarding independence, and in the nation-building process based on the democracy and federal system being implemented by the State.

Furthermore, it is viewed that reducing the sentences of foreign prisoners, granting amnesty, and deporting them will support relations between nations and lead to increased cooperation.

The orders issued by the National Defence and Security Council are observed to yield positive results from the perspectives of human rights, humanitarian considerations, and the promotion of international cooperation. Therefore, the Myanmar National Human Rights Commission issues this statement welcoming the conditional pardon order and the amnesty orders.

**Myanmar National Human Rights Commission**

## Observation of The 2025 Multi-Party Democratic General Election Phase (3)

January 25

The 2025 Multi-Party Democratic General Election Phase (3) was held on 25-1-2026 and the (5) election observation teams led by Chairman and Commissioners of Myanmar National Human Rights Commission observed (1) polling station in Yankin Township constituency, (1) polling station in Mingala Taungnyunt Township constituency and (1) polling station in Thaketa Township constituency total (3) polling stations in Yangon Region and observed (1) polling station in Dedaye Township constituency and (1) polling station in Nyaungdon Township constituency, total (2) polling stations in Ayeyarwaddy Region.

## Myanmar National Human Rights Commission inspected Shwe Tha Htay Agriculture and Livestock Breeding Vocational Training Centre

January 16

An Inspection team led by U Kyaw Soe, member of the Myanmar National Human Rights Commission conducted inspection visits to Shwe Tha Htay Agriculture and Livestock Breeding Vocational Training Centre in Twante Township, Yangon Region on 16 January 2026 in accordance with the Sections 43 and 44 of the Commission Law.

During the inspection of the Agriculture and Livestock Breeding Vocational Training Centre, the inspection team met the prisoners in their dormitories and inquired into and noted

down the matters relating to their fundamental rights, including whether prisoners receive an adequate food supply, access to healthcare facilities and provision of sufficient purified drinking water, the receipt of items issued by the prison, the receipt of necessary personal-use items, whether there were discrimination in the assignment of work, torture and the observance of occupational safety within the workplace. In addition, the team also inspected dormitories, clinic, library, kitchen, food warehouse, water purifier, water storage tanks, and the cleanliness of internal and external sewage systems.

Furthermore, the MNHRC donated 50 knowledgeable books for the benefit of the prisoners, which were received by the officer in charge of the Shwe Tha Htay Agriculture and Livestock Breeding Vocational Training Center.

The finding and recommendations from the inspection team's visits will be sent to the relevant departments in accordance with the Commission Law for necessary actions.

## MNHRC Attends (1/2026) Meeting of Working Committee on (PWDs)

January 8

The 1/2026 Meeting of the Working Committee on the Rights of Persons with Disabilities was held on 8 January 2026 at 2:00 p.m. using a hybrid system at the Meeting Hall of the Ministry of Social Welfare Relief and Resettlement.The meeting was chaired by the Chairperson of the Working Committee, Deputy Minister Dr. Than Soe, and was attended in person by senior military officers who are members of the Committee, departmental representatives, the President of the Myanmar Federation of Persons with Disabilities, representatives from organizations of persons with disabilities, and Dr. Khaing Khaing Win, Deputy Director-General of the Office of the Myanmar National Human Rights Commission.

After that, the Chairperson of the Working Committee on the Rights of Persons with Disabilities, Deputy Minister Dr. Than Soe, delivered the opening remarks. The Secretary of the Working Committee and Director-General of the Department of Rehabilitation then reported on the implementation status of previous decisions. The Vice-Chairperson of the Working Committee and President of the Myanmar Federation of Persons with Disabilities, U Thein Han Thu, discussed the need for monitoring and evaluation of the work of the Committee and Sub-Committees, reviewing the implementation of the Five-Year Strategic Plan on the Rights of Persons with Disabilities (2022-2027), and strengthening efforts to improve access to health, education and employment for persons with disabilities. Members of the Committee, including senior military officers, departmental representatives and representatives of persons with disabilities, presented and discussed sector-based actions, challenges and solutions related to the rights of persons with disabilities. The Deputy Director-General of the Office of the Myanmar National Human Rights Commission also participated in the discussions.

## MNHRC Gives Human Rights Lecture at Police Officer Tactical Training Institute (Mandalay)

January 15

The Myanmar National Human Rights Commission (MNHRC) is continuously carrying out activities to effectively implement the promotion and protection of human rights, in accordance with Section 22 (a) of the Commission law. The Commission has developed an operational plan aligned with the goals and objectives outlined in its framework of action for Myanmar National Human Rights Commission, which serves as

a guideline for its operations, and is diligently executing its tasks accordingly.

U Zaw Lwin Htoo, Director of the Commission office covered the lectures on human rights at the Police District Commander Course No. (10/ 2025), held at the Police Officer Tactical Training Institute (Mandalay) on 15 January 2026 from 7:30 to 9:50. In this regard, the Director focused the lectures on Human Rights Concept, Universal Declaration of Human Rights (UDHR), the Organization and Functions of Myanmar National Human Rights Commission. The lecturer then responded to the trainee questions. A total of 50 officers attended the aforementioned course.

## Status of Handling Complaints

During January 2026, MNHRC received 33 Complaints. The complaint investigation team held 4 complaint screening meetings for examining the complaints and 6 complaint were referred to the departments concerned. In 2 cases, the complainants were advised on more appropriate remedies. The 23 cases were recorded in accordance with the MNHRC Law. 2 complaints remains in January.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁ – ၈၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့်ဇော်ဂျီ လမ်းထောင့်၊ ရွှေကြာပင် ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။

☎ ၀၆၇ – ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်း အနောက်ရပ်ကွက်၊ ချမ်းအေး သာဇံမြို့နယ်၊ မန္တလေးမြို့။

☎ ၀၂ – ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ် ရုံး၊ စစ်တွေမြို့။

☎ ၀၉ – ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**

အမှတ် (၁၃) ရပ်ကွက်၊ မဟာစေတီလမ်းမကြီး၊ မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။

☎ ၀၄ – ၂၂၉၃၂၇

e–Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။

e–government@mnhrc.org.mm